စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

# လက်ဖက်စို

## ဈေးကွက်အလားအလာလေ့လာချက်

## (ITC MARKET SCAN)

အမှတ်စဉ် (၀၀၁၆)

## (HS- Code 090230)

## Black fermented tea and partly fermented tea








September 2024

# ဈေးကွက်အလားအလာလေ့လာချက်

## (ITC- MARKET SCAN)

## Product: 090230 Black fermented tea and partly fermented tea, whether or not flavoured, in immediate packings ...

## (HS-Code 090230)

## Black fermented tea and partly fermented tea

**လက်ဖက်စို (HS - Code 090230)**

၁။ မြန်မာလူမျိုးများ စွဲမြဲစွာပြောလေ့ပြောထရှိခဲ့ကြသော အာဟာရသုံးမျိုး၏စကားပုံမှာ "အသားတွင်ဝက်၊ အသီးတွင်သရက်၊ အရွက်တွင်လက်ဖက်" ဟူ၍ဖြစ်သည်။ လက်ဖက်ယဉ်ကျေးမှု စတင်ထွန်းကားခဲ့သည်မှာ အာရှတိုက်မှဖြစ်ကြောင်းသိရသည်။ ကမ္ဘာပေါ်ရှိ လက်ဖက်ယဉ်ကျေးမှု များတွင် မြန်မာ့လက်ဖက်ယဉ်ကျေးမှုမှာ ထူးခြားခဲ့သည်။ မြန်မာနိုင်ငံတွင် လက်ဖက်အစိုနှင့် အခြောက်ဟူ၍ရှိရာ ထိုနှစ်မျိုးစလုံးကိုပင် သုံးစွဲကြသည်။ လက်ဖက်၏အရသာမှာ ကောင်းလွန်း သောကြောင့် နတ်သစ်ရွက်ဟု၍လည်း ခေါ်ဆိုကြသည်။ တရုတ်နိုင်ငံ၏အဆိုအရ လက်ဖက်မူရင်း အစသည် တရုတ်ပြည်မမှ ပေါ်ပေါက်လာသောဆေး တစ်မျိုးဟူ၍လည်း ဆိုကြသည်။ လက်ဖက်ကို နေရာဒေသအလိုက် တရုတ်မျိုး၊ အာသံမျိုး၊ အင်ဒိုချိုင်းနားမျိုး ဟူ၍ (၃)မျိုး ခွဲခြားထားပါသည်။ တရုတ်လက်ဖက်မျိုးကို ရှမ်းပြည်နယ်တွင် စိုက်ပျိုးပြီး၊ အပင်ပု၍ အရွက်သေးကာ ချုံပုတ်ပုံစံ ဖြစ်သည်။ အရွက်မှာအစိမ်းရင့်ရောင်ဖြစ်ပြီး၊ အထွက်နှုန်းနည်းကြောင်း သိရှိရသည်။ အာသံလက် ဖက်မျိုးသည် အပင်ငယ်ပုံစံဖြစ်ပြီး အမြင့်ပေ၊ (၃၀-၅၀)ပေရှိကာ အရွက်အရွယ်အစား ကြီးမား၍ ရွက်ကြောမှာထင်ရှားသည်။ အင်ဒိုချိုင်းနားလက်ဖက်မျိုးသည် အာသံလက်ဖက်ခန့်ထူပြီး အရွက်

သည်အဝါ (သို့မဟုတ်) အစိမ်းဖျော့ရောင်ရှိကြောင်း သိရှိရသည်။ မြန်မာနိုင်ငံတွင် အာသံလက်ဖက်မျိုးကို အများဆုံးစိုက်ပျိုးကြသည်။

၂။ မြန်မာနိုင်ငံတွင် လက်ဖက်ကို ရှမ်းပြည်နယ်တောင်ပိုင်းရှိ ရာသီဥတုအေးသောဒေသများဖြစ်သည့်ရှာင်မြို့နယ်နှင့် ပင်လောင်းဒေသတွင် အများဆုံးစိုက်ပျိုးသည်ကိုတွေ့ရှိရပြီး မြေ၊ ရေ၊ လေ၊ မိုးညီမျှပြီး ကျောက်သား၊ မြေသား ရောစပ်နေသော ကုန်းမြေတွင်လည်း လက်ဖက်ကို စိုက်ပျိုးကြသည်။ အများအားဖြင့် လက်ဖက်ပင်များကို တောင်စောင်းများတွင် လှေကားထစ်သဖွယ်အဆင့်ဆင့်ပြုလုပ်၍ စိုက်ပျိုးလေ့ရှိကြသည်။ ပင်လယ်ရေမျက်နှာပြင်အမြင့် ပိုမြင့်လေ လက်ဖက်အရည်အသွေး ပိုကောင်းလေဖြစ်သည်။ ရေမြေရာသီဥတုပေါ်မူတည်ပြီး အာနိသင်၊ အရောင်အဆင်း၊ အနံ့အရသာ ပြောင်းလဲနိုင်ပြီး ခူးပုံခူးနည်းစနစ်၊ ခူးသောအချိန်နှင့် ထုတ်လုပ်သည့်နည်းစနစ်ပေါ်မူတည်၍ ကွဲပြားမှုရှိကြောင်း သိရှိရသည်။ လက်ဖက်ကုန်ကြမ်းအခြေခံအပိုင်း သာမက ကုန်ချောထုတ်လုပ်မှုအပိုင်းထိ စနစ်မကျလျှင် လက်ဖက်အရည်အသွေး ကျဆင်းနိုင်ကြောင်း သိရှိရသည်။

၃။ လက်ဖက်စိုက်ပျိုးမည်ဆိုပါက ပထမဦးစွာ လက်ဖက်စေ့များကို သင့်တော်သောမြေ၌ပျိုး၍ တစ်ပေလောက်ကြီးလာသောအခါ ခြံများသို့ရွှေ့ပြောင်းပြီး တစ်ပင်နှင့်တစ်ပင်ကို ငါးပေခြောက်ပေခန့်ခွာ၍စိုက်ပျိုးရသည်။ လက်ဖက်ပင်သည် အမြဲတမ်းစိမ်းစိုလျက်ရှိသော အပင်ငယ်မျိုးဖြစ်ပြီး သဘာဝအတိုင်း ထားမည်ဆိုပါက ပေ၃၀ခန့်အထိမြင့်နိုင်သည်။ သို့သော် လက်ဖက်ခြံများတွင်မူ အရွက်များစေရန်နှင့် လက်လှမ်းမီခူးနိုင်စေရန် လေးပေငါးပေလောက်သာ အစဉ်ဖြတ်ထားလေ့ရှိသည်။ လက်ဖက်ပင်များကို စတင်စိုက်ပျိုးပြီး ငါးနှစ်ကျော်လျှင် စတင်ခူးဆွတ်ရပါသည်။ သို့ရာတွင် အကောင်းဆုံး လက်ဖက်ရွက်ကို ဆယ်နှစ်၊ ဆယ့်ငါးနှစ်ခန့်အရွယ် လက်ဖက်ပင်များမှသာရနိုင်သည်။ ၂၅ နှစ်ခန့် အရွယ်ရောက်ပါက လက်ဖက်ပင်ကို မြေကြီးမှကပ်၍ ခုတ်လှဲပြီးနောက်အသစ်တစ်ဖန် အမြစ်မှပြန်ပေါက်စေရသည်။ လက်ဖက်များခူးဆွတ်ရာတွင် တစ်ပတ်လျှင်တစ်ကြိမ်နှုန်းဖြင့် တစ်လလျှင်လေးကြိမ်၊ တစ်နှစ်လျှင်အကြိမ် ၄၀ ကျော်ခူးဆွတ်ရကြောင်း၊ တစ်ဧကလျှင် လက်ဖက်အစို ပိဿာ ၈၀၀ မှ ၁၀၀၀ အထိထွက်ရှိကြောင်း သိရှိရသည်။ ခူးပြီး

သောလက်ဖက်ရွက်နုများကို လက်ဖက်ရည်အဖန်ခြောက်၊ လက်ဖက်ရည်အချိုခြောက်၊ လက်ဖက်အစိုနှင့် လက်ဖက်အဆီစသည်ဖြင့် လေးမျိုးလေးစားအထိခွဲခြား၍ လိုအပ်သလို ပြုလုပ်ကြသည်။ လက်ဖက်ခြောက် (လက်ဖက်ရည်အဖန်ခြောက်) လုပ်ငန်းမှာ နွေရာသီနှင့် မိုးမကျမီကာလအတွင်းသာ လုပ်ကိုင်ပြီးလျှင် မိုးဦးကျ၍ မိုးအလွန်ရွာသောအချိန်၌ အချိုခြောက်လုပ်ငန်းများကို လုပ်ကိုင်ကြသည်။

၄။ မတ်၊ ဧပြီ၊ မေလ တို့တွင် ခူးယူသောလက်ဖက်ကို 'ရွှေဖီဦး'ဟုလည်းကောင်း၊ ဇွန်နှင့်ဇူလိုင်လတို့တွင် ခူးယူလျှင် 'ခါးကန့်'ဟုလည်းကောင်း၊ စက်တင်ဘာနှင့် အောက်တိုဘာလတို့တွင် ခူးယူ သောလက်ဖက်ကို 'မိုးညွန့်' ဟုလည်းကောင်း၊ နိုဝင်ဘာလနှင့်ဒီဇင်ဘာလတို့တွင် ခူးယူလျှင် 'နှင်းတက်'ဟုလည်းကောင်းမျိုးမျိုးခေါ်ဝေါ်ကြပါသည်။ မတ်လဆန်းပိုင်းတွင်ထွက်သောလက်ဖက်များအား လက်ဖက်ခြောက်အဖြစ် ပြုလုပ်ရောင်းချကြပြီး၊ မေလနှင့် ဇွန်လ နောက်ပိုင်းထွက်သောလက်ဖက်များသည် အထွက်နှုန်းအလွန်များပြီး မိုးရာသီဖြစ်သောကြောင့် လက်ဖက်စိုလုပ်ငန်းအတွက် သိုလှောင်ထားကြပြီး တစ်နှစ်ပတ်လုံးရောင်းချကြောင်း သိရှိရသည်။

၅။ လက်ဖက်ရွက်အား အချဉ်ဖောက်၍ နှပ်ကာရရှိလာသော လက်ဖက်စိုကို အဆာပလာမျိုးစုံရောပြီး လက်ဖက်သုပ်အဖြစ် စားသုံးကြသည်။ မြန်မာလူမျိုးများ အနှစ်သက်ဆုံး အစားအစာများတွင် လက်ဖက်သည်လည်း အဓိကပါဝင်ပါသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုထဲတွင် လက်ဖက်သည်မပါမဖြစ်များစွာ အသုံးဝင်သကဲ့သို့ ခန္ဓာကိုယ်အတွက်လည်း အသုံးဝင်ပြီး အကျိုးသက်ရောက်မှုကောင်းစွာရရှိနိုင်သော အရွက်မျိုးဖြစ်သောကြောင့် စားသုံးသင့်ပါသည်။ လက်ဖက်စိုနှင့် လက်ဖက်ခြောက်တို့သည် ရက်ရှည်ထားနိုင်လေ လက်ဖက်အာနိသင်ပိုကောင်းလေဖြစ်ပြီး လရှည်၊ နှစ်ရှည်ထားနိုင်ပါက ကျန်းမာရေးအထောက်အကူပြုဓာတ်များသည် ပိုမိုအားကောင်းလာပြီး ဆေးဘက်ဝင်နှုန်းပိုများလာကာ ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာရရှိစေနိုင်သည်။

၆။ လက်ဖက်သည် မြန်မာ့ယဉ်ကျေးမှုတွင် ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်သောကြောင့် အရိုးများကိုသန်မာစေခြင်း၊ လန်းဆန်းတက်ကြွစေခြင်း၊ Antioxidants ပါဝင်သောကြောင့် အရွယ်တင်နုပျိုစေခြင်း၊ နှလုံးခုန်နှုန်းအားကောင်းစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်ပါသည်။

ထို့ပြင် လက်ဖက်စိုသည် သဘာဝအရွက်မှ ထုတ်လုပ်ထားသောကြောင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများစွာပါဝင်ပြီး ကျန်းမာရေးအတွက် ကောင်းမွန်စေပါသည်။ အစာချေစနစ်၊ နှလုံး၊ အသည်း၊ ဆီးချိုနဲ့ အယ်လ်ဇိုင်းမားရောဂါများနှင့် စိတ်ကျန်းမာရေးအပြင် ကိုယ်ခန္ဓာအပူအအေးကိုလည်း ထိန်းညှိကောင်းမွန်စေနိုင်ပါသည်။ ကင်ဆာရောဂါ ကာကွယ်ခြင်း၊ နှလုံးရောဂါကို သက်သာစေခြင်း၊ ကိုလက်စထရော သွေးတွင်းအဆီကျစေခြင်း၊ လေဖြတ်နှုန်းကို ကျစေခြင်း၊ ဆီးချိုရောဂါနှင့် ကိုယ်အလေးချိန်ကျစေခြင်း၊ အရေပြားရောဂါဖြစ်ပွားမှုမှအကာအကွယ်ဖြစ်စေခြင်း၊ မှတ်ဉာဏ်ကောင်းစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

၇။ နှစ်ရှည်ပင်ဖြစ်သည့် လက်ဖက်ပင်များကို မိသားစုတစ်စုလျှင် အနည်းဆုံး (၁၀)ကေမှ (၁၅) ကေအထိ စိုက်ပျိုးထားကြပြီး အထွက်နှုန်းကောင်းသည့်လက်ဖက်ပင်များသည် မိသားစုဘိုးဘွားလက်ထက်ကပင် စိုက်ပျိုးထားလေ့ရှိကြသည်။ အချို့လက်ဖက်ပင်များမှာ သက်တမ်းကာလအလွန်ကြာမြင့်နေပြီဖြစ်၍ ပင်စည်ပိုင်းမှာ အလွန်ကြီးမားပြီး လက်ဖက်ညွန့်အထွက်နှုန်းမှာလည်း အလွန်များပြားသောကြောင့် လက်ဖက်ညွန့်များ ခူးဆွတ်ပြီး လက်ဖက်စို၊ လက်ဖက်ခြောက်လုပ်ငန်းများဖြင့် မိသားစုဝင်ငွေတိုးပွား၍ စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရှိရသည်။


## ကမ္ဘာ့ထိပ်တန်းဝယ်ယူသောနိုင်ငံများနှင့် မြန်မာ့ပို့ကုန်နှိုင်းယှဉ် လေ့လာချက်


## ၂၀၂၃ ခုနှစ်၌ ကမ္ဘာ့လက်ဖက်စိုအများဆုံးတင်သွင်းသော(၁၀) နိုင်ငံ

**Fig 1: Top 10 World importers in 2023**

| No | Importers | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2023 (USD thousand) | Quantity imported in 2023 | Unit value (USD/unit) | Share in world imports (%) |
| 1 | United States of America | 158032 | 17058 | 9264 | 9.3 |
| 2 | Australia | 82353 | 8827 | 9330 | 4.8 |
| 3 | Iraq | 75335 | 17402 | 4329 | 4.4 |
| 4 | Saudi Arabia | 70846 | 9412 | 7527 | 4.2 |
| 5 | Canada | 68747 | 9080 | 7571 | 4 |
| 6 | Germany | 63247 | 9586 | 6598 | 3.7 |
| 7 | France | 58914 | 5056 | 11652 | 3.5 |
| 8 | Russian Federation | 58733 | 7731 | 7597 | 3.4 |
| 9 | Hong Kong, China | 56796 | 5057 | 11231 | 3.3 |
| 10 | Netherlands | 56757 | 5125 | 11075 | 3.3 |
| 184 | Myanmar | 37 | 11 | 3364 | 0 |
| | other | 953416 | - | - | 56.1 |
| | World | 1703176 | - | - | 100 |

Source: ITC Trade Map






၈။ ၂၀၂၃ ခုနှစ်တွင် (HS-Code 090230) လက်ဖက်စိုအား အများဆုံးတင်သွင်းခဲ့သည့် ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ အမေရိကန်ပြည်ထောင်စု၊ ဩစတြေးလျ၊ အီရတ်၊ ဆော်ဒီအာရေဗျ၊ ကနေဒါ၊ ဂျာမနီ၊ ပြင်သစ်၊ ရုရှားဖက်ဒရေးရှင်း၊ တရုတ်(ဟောင်ကောင်)၊ နယ်သာလန်နိုင်ငံတို့ဖြစ်သည်ကို ITC Trade Map အရသိရှိရသည်။ အမေရိကန်ပြည်ထောင်စုသည် ၂၀၂၃ ခုနှစ်တွင် သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၁၅၈ ဒသမ ဝ၃၂ သန်းရှိပြီး ကမ္ဘာ့လက်ဖက်စိုဈေးကွက်၏ ဈေးကွက်ဝေစု ၉ ဒသမ ၃ ရာခိုင်နှုန်း ရရှိထားသည်။ ထို့နောက် ဩစတြေးလျက ကန်ဒေါ်လာ ၈၂ ဒသမ ၃၅၃ သန်းဖိုးတင်သွင်း၍ ဈေးကွက် ဝေစု ၄ ဒသမ ၈ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ အီရတ်က ကန်ဒေါ်လာ ၇၅ ဒသမ ၃၃၅ သန်း ဖိုးတင်သွင်း၍ ဈေးကွက်ဝေစု ၄ ဒသမ ၄ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင်ရှိသည်။ အလားတူ ဆော်ဒီအာရေဗျ၊ ကနေဒါ၊ ဂျာမနီ၊ ပြင်သစ်၊ ရုရှား ဖက်ဒရေးရှင်း၊ တရုတ်(ဟောင်ကောင်)၊ နယ်သာလန်နိုင်ငံတို့က အစဉ်လိုက် ရပ်တည်လျက်ရှိကြသည်။ ကမ္ဘာ့လက်ဖက်စိုတင်သွင်းသည့်နိုင်ငံပေါင်း (၂၁၉) နိုင်ငံရှိပြီး ကမ္ဘာ့ထိပ်တန်း (၁၀) နိုင်ငံ၏ တစ်တန်ပေါက်ဈေးများကို နှိုင်းယှဉ်လေ့လာရာတွင် ပြင်သစ်နိုင်ငံက ဝယ်ယူသည့်ဈေးမှာ တစ်တန်လျှင် ၁၁၆၅၂ ဒေါ်လာဖြင့်အမြင့်ဆုံးဖြစ်ပြီး၊ တရုတ်(ဟောင်ကောင်)နိုင်ငံက ဝယ်ယူသည့်ဈေးမှာ တစ်တန်လျှင် ၁၁၂၃၁ ဒေါ်လာနှင့် ဒုတိယ၊ နယ်သာလန်နိုင်ငံက ဝယ်ယူ သည့်ဈေးမှာ တစ်တန်လျှင် ၁၁၀၇၅

ဒေါ်လာနှင့် တတိယ၊ ဩစတြေးလျနိုင်ငံက ဝယ်ယူသည့် ဈေးမှာ တစ်တန်လျှင် ၉၃၃၀ ဒေါ်လာနှင့် စတုတ္ထ၊ အမေရိကန်ပြည်ထောင်စုက ဝယ်ယူသည့် ဈေးမှာ တစ်တန်လျှင် ၉၂၆၄ ဒေါ်လာနှင့် ပဉ္စမတို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။

## မြန်မာနိုင်ငံသို့ လက်ဖက်စိုတင်ပို့သည့် ထိပ်တန်းနိုင်ငံများ (၂၀၂၃ ခုနှစ်)

**Fig 2: List of supplying markets for the product imported by Myanmar in 2023**

| No | Exporters | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2023 (USD thousand) | Share in Myanmar's imports (%) | Quantity imported in 2023 | Unit value (USD/unit) |
| 1 | China | 28 | 75.7 | 7 | 4000 |
| 2 | Sri Lanka | 7 | 18.9 | 4 | 1750 |
| 3 | Taipei, Chinese | 2 | 5.4 | - | - |
| | World | 37 | 100 | 11 | 3364 |

Source: ITC Trade Map

၉။ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံသို့ လက်ဖက်စိုအများဆုံးတင်ပို့သည့်နိုင်ငံများမှာ ITC Trade Map အရ တရုတ်၊ သီရိလင်္ကာနှင့် တရုတ် (တိုင်ပေ) နိုင်ငံတို့ ဖြစ်ကြသည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ဈေးကွက်တွင် ၇၅ ဒသမ ၇ ရာခိုင်နှုန်း ဖြင့် ဈေးကွက်ဝေစုအများဆုံးရရှိထားပြီး သီရိလင်္ကာနိုင်ငံသည် မြန်မာနိုင်ငံ၏ လက်ဖက်ဈေးကွက်တွင် ၁၈ ဒသမ ၉ ရာခိုင်နှုန်းဖြင့် ဒုတိယအများဆုံးဈေးကွက် ရရှိထားပါသည်။ မြန်မာနိုင်ငံသို့ လက်ဖက်အများဆုံးတင်ပို့သည့် တရုတ်နိုင်ငံသည် ကမ္ဘာတွင်သာမက အာရှနိုင်ငံများ၏ လက်ဖက်စိုတင်ပို့မှုတွင် ထိပ်တန်းအဆင့်နိုင်ငံများတွင်ပါဝင်ကြောင်း၊ ဒုတိယအများဆုံးတင်ပို့သည့် သီရိလင်္ကာနိုင်ငံသည် အာရှနိုင်ငံများ၏ လက်ဖက်စို တင်ပို့မှုတွင် ပထမအဆင့်ဖြစ်ကြောင်း၊ တတိယအများဆုံးတင်သွင်းသည့် တရုတ် (တိုင်ပေ)နိုင်ငံသည်ကမ္ဘာတွင်သာမက အာရှနိုင်ငံများ၏ လက်ဖက်တင်ပို့မှုတွင် ထိပ်တန်းအဆင့်နိုင်ငံများတွင် ပါဝင်ကြောင်း TC Trade Map အချက်အလက်အရ တွေ့ရှိရသည်။

## မြန်မာ့လက်ဖက်စို အများဆုံးတင်သွင်းသည့် ထိပ်တန်းနိုင်ငံများ (၂၀၂၃)

**Fig3: Top 10 Importers of Myanmar in 2023**

| No | Importers | Select your indicators | | | |
|---|---|---|---|---|---|
| | | Value exported in 2023 (USD thousand) | Quantity exported in 2023 | Unit value (USD/unit) | Share in Myanmar's exports (%) |
| 1 | Thailand | 547 | 518 | 1056 | 98 |
| 2 | United Kingdom | 8 | 1 | 8000 | 1.4 |
| 3 | Germany | 2 | - | - | 0.4 |
| 4 | Czech Republic | 1 | - | - | 0.2 |
| | World | 558 | 520 | 1073 | 100 |

Source: ITC Trade Map

၁၀။ ၂၀၂၃ ခုနှစ်၊ မြန်မာနိုင်ငံမှလက်ဖက်စိုအား အများဆုံးတင်သွင်းသည့် နိုင်ငံများမှာ ထိုင်း၊ ယူနိုက်တက်ကင်းဒမ်း၊ ဂျာမနီနှင့် ချက်သမ္မတနိုင်ငံ တို့ဖြစ်ကြသည်။ ITC Trade Map အချက်အလက်အရ သိရှိရသည်။ ထိုင်းသည် ၉၈ ရာခိုင်နှုန်းဖြင့် အများဆုံးတင်သွင်းထားပြီး၊ ယူနိုက်တက်ကင်းဒမ်းက ၁ ဒသမ ၄ ရာခိုင်နှုန်း၊ ဂျာမနီက သုည ဒသမ ၄ ရာခိုင်နှုန်း တို့ဖြင့်တင်သွင်းထားကြောင်းတွေ့ရှိရပါသည်။

## ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ ၅ နှစ်တာ ကာလအတွင်း ကမ္ဘာ့လက်ဖက်စိုတင်ပို့မှု

၁၁။ ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ကမ္ဘာ့လက်ဖက်စိုတင်ပို့သည့်နိုင်ငံများ၏ တင်ပို့မှုပမာဏနှင့် တန်ဖိုးမှာ တစ်ဖက်ပါအတိုင်းဖြစ်ပါသည်-

၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ကမ္ဘာ့လက်ဖက်တင်ပို့မှုတန်ဖိုးနှင့် အဆင့်နေရာပြဇယား

**Fig 4: List of exporters for the selected product** Unit: US Dollar thousand

| No | Exporters | Exported value in 2019 | Exported value in 2020 | Exported value in 2021 | Exported value in 2022 | Exported value in 2023 |
|---|---|---|---|---|---|---|
| 1 | Sri Lanka | 594004 | 563504 | 614794 | 543697 | 614793 |
| 2 | Poland | 183463 | 193453 | 185944 | 183408 | 171203 |
| 3 | China | 260138 | 329379 | 265852 | 212174 | 152141 |
| 4 | United Kingdom | 96496 | 99054 | 95116 | 87756 | 91845 |
| 5 | India | 70115 | 86637 | 94402 | 82271 | 89072 |
| 6 | Germany | 85218 | 74415 | 81089 | 84612 | 82357 |
| 7 | United Arab Emirates | 173856 | 236110 | 241935 | 295202 | 70833 |
| 8 | United States of America | 58618 | 45622 | 49008 | 53441 | 48976 |
| 9 | Taipei, Chinese | 59495 | 43603 | 55206 | 49522 | 46685 |
| 10 | Netherlands | 30454 | 42654 | 39671 | 31236 | 45435 |
| 55 | Myanmar | 71 | 600 | 767 | 330 | 558 |
| | World | 2115521 | 2178496 | 2220209 | 2127487 | 1852996 |

Source: ITC Trade Map

မှုရင်းဇယားတွင် မြန်မာနိုင်ငံသည် အဆင့် (၅၅) တွင်ရှိပါသည်။

၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ကမ္ဘာ့လက်ဖက်စို တင်ပို့မှုပမာဏနှင့် အဆင့် နေရာပြဇယား

**Fig 5: List of exporters for the selected product** **Unit: Tons**

| No | Exporters | 2019 Exported quantity, Tons | 2020 Exported quantity, Tons | 2021 Exported quantity, Tons | 2022 Exported quantity, Tons | 2023 Exported quantity, Tons |
|---|---|---|---|---|---|---|
| 1 | Sri Lanka | 110681 | 102406 | 104779 | 94650 | 98926 |
| 2 | India | 14828 | 16793 | 15952 | 16033 | 18045 |
| 3 | Kenya | 4948 | 7299 | 12582 | 13706 | 17522 |
| 4 | Uganda | 16972 | 19691 | 24913 | 21382 | 15720 |
| 5 | Poland | 17090 | 18329 | 15809 | 16738 | 13838 |
| 6 | United Kingdom | 14314 | 14257 | 11975 | 12291 | 10211 |
| 7 | Netherlands | 3042 | 4345 | 4308 | 2980 | 7439 |
| 8 | China | 9273 | 10012 | 8791 | 8081 | 6842 |
| 9 | Germany | 6183 | 6100 | 6175 | 7265 | 6194 |
| 10 | Belgium | 6197 | 3250 | 3156 | 5617 | 5770 |
| 34 | Myanmar | 113 | 1628 | 2266 | 1271 | 520 |
| | World | 309728 | 308632 | 320037 | No Quantity | No Quantity |

Source: ITC Trade Map

မှုရင်းဇယားတွင် မြန်မာနိုင်ငံသည် အဆင့် (၃၄) တွင်ရှိပါသည်။


၁၂။ ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာ့ဈေးကွက်တွင် လက်ဖက်စိုတင်ပို့သော နိုင်ငံ (၁၃၁) နိုင်ငံရှိပြီး မြန်မာနိုင်ငံသည် ပမာဏအားဖြင့်တင်ပို့မှုတွင် အဆင့်(၅၅)နှင့် တန်ဖိုးအားဖြင့် တင်ပို့မှုတွင် အဆင့် (၃၄) နေရာတွင် ရှိနေပါသည်။

## အာရှတွင် လက်ဖက်စိုတင်သွင်းသော ထိပ်တန်း (၁၀) နိုင်ငံ (၂၀၂၃)

**Fig 6: Top 10 Asia Importers in 2023**

| No | Importers | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2023 (USD thousand) | Quantity imported in 2023 | Unit value (USD/unit) | Share in world imports (%) |
| 1 | Iraq | 75335 | 17402 | 4329 | 4.4 |
| 2 | Saudi Arabia | 70846 | 9412 | 7527 | 4.2 |
| 3 | Hong Kong, China | 56796 | 5057 | 11231 | 3.3 |
| 4 | Japan | 50260 | 2509 | 20032 | 3 |
| 5 | United Arab Emirates | 43087 | 7273 | 5924 | 2.5 |
| 6 | Jordan | 29553 | 2580 | 11455 | 1.7 |
| 7 | China | 27710 | 1952 | 14196 | 1.6 |
| 8 | Kazakhstan | 20316 | 3165 | 6419 | 1.2 |
| 9 | Malaysia | 20132 | 2574 | 7821 | 1.2 |
| 10 | Singapore | 19678 | 1520 | 12946 | 1.2 |
| 47 | Myanmar | 37 | 11 | 3364 | 0 |
| | Asia Aggregation | 594345 | 78146 | 7606 | 34.9 |

Source: ITC Trade Map




၁၃။ ၂၀၂၃ ခုနှစ်တွင် လက်ဖက်စိုကို အာရှနိုင်ငံများအနက် အများဆုံးဝယ်ယူလျက်ရှိသော နိုင်ငံများမှာ အီရတ်၊ ဆော်ဒီအာရေဗျ၊ တရုတ် (ဟောင်ကောင်)၊ ဂျပန်၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ဂျော်ဒန်၊ တရုတ်၊ ကာဇက်စတန်၊ မလေးရှား၊ ၊ စင်ကာပူတို့က အစဉ်လိုက် ရှိကြသည်။ အီရတ်သည် ၂၀၂၃ ခုနှစ် တွင် သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၇၅ ဒသမ ၃၃၅ သန်းဖိုးနှင့် အရေအတွက် ၁၇၄၀၂ တန်ဖြင့် အများဆုံးဝယ်ယူခဲ့ပြီး ဆော်ဒီအာရေဗျက ကန်ဒေါ်လာ ၇၀ ဒသမ ၈၄၆ သန်းဖိုးနှင့် အရေအတွက် ၉၄၁၂ တန်ဖြင့် ဒုတိယအများဆုံး၊ တရုတ် (ဟောင်ကောင်)က ကန်ဒေါ်လာ ၅၆ ဒသမ ၇၉၆ သန်းဖိုးနှင့် အရေအတွက် ၅၀၅၇ တန်ဖြင့် တတိယအများဆုံး ဝယ်ယူလျက်ရှိကြောင်းတွေ့ရသည်။ ထို့နောက် ဂျပန်၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ဂျော်ဒန်၊ တရုတ်၊ ကာဇက်စတန်၊ မလေးရှား၊ စင်ကာပူတို့က အစဉ်လိုက်ရှိကြသည်။ မြန်မာနိုင်ငံအနေဖြင့် အာရှနိုင်ငံများအနက် လက်ဖက်စိုတင်သွင်းမှုမှာအဆင့် (၄၇) တွင်ရှိကြောင်း ITC Trade Map အရ သိရှိရသည်။

## အာရှတွင်လက်ဖက်စိုတင်ပို့သော ထိပ်တန်း (၁၀) နိုင်ငံ (၂၀၂၃)

**Fig 7. Top 10 Asia exporters in 2023**

| No | Exporters | Value exported in 2023 (USD thousand) | Quantity exported in 2023 | Unit value (USD/unit) | Share in world exports (%) |
|---|---|---|---|---|---|
| 1 | Sri Lanka | 614793 | 98926 | 6215 | 33.2 |
| 2 | China | 152141 | 6842 | 22236 | 8.2 |
| 3 | India | 89072 | 18045 | 4936 | 4.8 |
| 4 | United Arab Emirates | 70833 | - | - | 3.8 |
| 5 | Taipei, Chinese | 46685 | 3757 | 12426 | 2.5 |
| 6 | Kazakhstan | 22623 | 3513 | 6440 | 1.2 |
| 7 | Türkiye | 22453 | 4039 | 5559 | 1.2 |
| 8 | Singapore | 18514 | 635 | 29156 | 1 |
| 9 | Indonesia | 16444 | 2726 | 6032 | 0.9 |
| 10 | Pakistan | 11928 | 2076 | 5746 | 0.6 |
| 21 | Myanmar | 558 | 520 | 1073 | 0 |
|  | Asia Aggregation | 1103658 |  |  | 59.6 |

Source: ITC Trade Map





၁၄။ ၂၀၂၃ ခုနှစ်တွင် လက်ဖက်စိုကို အာရှနိုင်ငံများအနက် အများဆုံးတင်ပို့ရောင်းချလျက်ရှိသော နိုင်ငံများမှာ သီရိလင်္ကာ၊ တရုတ်၊ အိန္ဒိယ၊ ယူအေအီး၊ တရုတ်(တိုင်ပေ)၊ ကာဇက်စတန်၊ တူကီယဲ၊ စင်္ကာပူ၊ အင်ဒိုနီးရှား၊ ပါကစ်စတန်နိုင်ငံ တို့ဖြစ်ကြသည်။ သီရိလင်္ကာက ကန်ဒေါ်လာ ၆၁၄ ဒသမ ၇၉၃ သန်းဖိုးနှင့် အရေအတွက် ၉၈၉၂၆ တန်ဖြင့် အများဆုံးရောင်းချခဲ့ပြီး တရုတ်က ကန်ဒေါ်လာ ၁၅၂ ဒသမ ၁၄၁ သန်းဖိုးနှင့် အရေအတွက် ၆၈၄၂ တန်ဖြင့် ဒုတိယအများဆုံး၊ အိန္ဒိယက ကန်ဒေါ်လာ ၈၉ ဒသမ ၀၇၂ သန်းဖိုးနှင့် အရေအတွက် ၁၈၀၄၅ တန်ဖြင့် တတိယအများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်းတွေ့ရသည်။ ထို့နောက် ယူအေအီး၊ တရုတ်(တိုင်ပေ)၊ ကာဇက်စတန်၊ တူကီယဲ၊ စင်္ကာပူ၊ အင်ဒိုနီးရှား၊ ပါကစ်စတန်နိုင်ငံတို့က အစဉ်လိုက်ရှိကြသည်။ သီရိလင်္ကာနှင့် တရုတ်နိုင်ငံသည် အာရှနိုင်ငံများတွင်သာမက မြန်မာနိုင်ငံသို့ လက်ဖက်စိုတင်ပို့ရာတွင် အများဆုံးတင်ပို့သည့်နိုင်ငံများဖြစ်ခဲ့ပြီး၊ အိန္ဒိယနိုင်ငံသည် အာရှနိုင်ငံများတွင်သာမက ကမ္ဘာ့နိုင်ငံများတွင်လည်း လက်ဖက်စိုအများဆုံးတင်ပို့ရောင်းချသည့် နိုင်ငံဖြစ်ကြောင်း ITC Trade Map အရ သိရှိရသည်။


ကမ္ဘာ့လက်ဖက်စိုတင်ပို့သော ထိပ်တန်း(၁၀)နိုင်ငံ(၂၀၂၃)၏ တင်ပို့မှုပမာဏ၊ တန်ဖိုး၊ တစ်တန် ဈေးနှုန်းနှင့် ဈေးကွက်ဝေစုပြဇယား

Fig 8. Top 10 World exporters in 2023

| No | Exporters | Select your indicators | | | |
|---|---|---|---|---|---|
| | | Value exported in 2023 (USD thousand) | Quantity exported in 2023 | Unit value (USD/unit) | Share in world exports (%) |
| 1 | Sri Lanka | 614793 | 98926 | 6215 | 33.2 |
| 2 | Poland | 171203 | 13838 | 12372 | 9.2 |
| 3 | China | 152141 | 6842 | 22236 | 8.2 |
| 4 | United Kingdom | 91845 | 10211 | 8995 | 5 |
| 5 | India | 89072 | 18045 | 4936 | 4.8 |
| 6 | Germany | 82357 | 6194 | 13296 | 4.4 |
| 7 | United Arab Emirates | 70833 | - | - | 3.8 |
| 8 | United States of America | 48976 | 4674 | 10478 | 2.6 |
| 9 | Taipei, Chinese | 46685 | 3757 | 12426 | 2.5 |
| 10 | Netherlands | 45435 | 7439 | 6108 | 2.5 |
| 55 | Myanmar | 558 | 520 | 1073 | 0 |
| | other | 439661 | | | 23.8 |
| | World | 1853001 | | | 100 |

Source: ITC Trade Map






၁၅။ ၂၀၂၃ ခုနှစ်တွင် လက်ဖက်စို (HS.Code-090220) အား တင်ပို့ရောင်းချလျက်ရှိသော ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ သီရိလင်္ကာ၊ ပိုလန်၊ တရုတ်၊ ယူနိုက်တက်ကင်းဒမ်း၊ အိန္ဒိယ၊ ဂျာမနီ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ အမေရိကန်ပြည်ထောင်စု၊ တရုတ် (တိုင်ပေ)၊ နယ်သာလန်တို့ ဖြစ်ကြသည်။ သီရိလင်္ကာက ကန်ဒေါ်လာ ၆၁၄ ဒသမ ၇၉၃ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၃၃ ဒသမ ၂ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေသည် ကိုတွေ့ရသည်။ ပိုလန်က ဈေးကွက်ဝေစု ၁၇၁ ဒသမ ၂၀၃ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၉ ဒသမ ၂ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ တရုတ်ကဈေးကွက်ဝေစု ၁၅၂ ဒသမ ၁၄၁ သန်း ဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၈ ဒသမ ၂ ရာခိုင်နှုန်းဖြင့်တတိယ ရရှိထားသည်။ ထို့နောက် ယူနိုက်တက်ကင်းဒမ်း၊ အိန္ဒိယ၊ ဂျာမနီ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ အမေရိကန်ပြည်ထောင်စု၊ တရုတ် (တိုင်ပေ)၊ နယ်သာလန်တို့က အစဉ်လိုက်ရှိကြသည်။ ဈေးနှုန်းအနေဖြင့် တရုတ်က ပထမ၊ ဂျာမနီက ဒုတိယ၊ တရုတ် (တိုင်ပေ)က တတိယ၊ ပိုလန်က စတုတ္ထနှင့် အမေရိကန်ပြည်ထောင်စုက ပဉ္စမတို့ဖြစ်ကြသည်။ ကမ္ဘာ့လက်ဖက်စို တင်ပို့သောနိုင်ငံ (၁၃၁) နိုင်ငံရှိပြီး မြန်မာက အဆင့် (၅၅) နေရာတွင်ရှိသည်။

## EU နိုင်ငံများမှ လက်ဖက်စိုတင်သွင်းမှု

၁၆။ ၂၀၂၃ ခုနှစ်တွင် လက်ဖက်စိုအများဆုံး တင်သွင်းခဲ့သော EU ထိပ်တန်းနိုင်ငံများမှာ ဂျာမနီ၊ ပြင်သစ်၊ ရုရှားဖက်ဒရေးရှင်း၊ နယ်သာလန်၊ ယူနိုက်တက်ကင်းဒမ်း၊ အီတလီ၊ ဘယ်လ်ဂျီယံ၊ ပိုလန်၊ အိုင်ယာလန်နှင့် ဆွီဒင် နိုင်ငံတို့ ဖြစ်ကြပြီး ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ် (၅) နှစ်တာ ကာလအတွင်း တန်ဖိုးအားဖြင့်တင်သွင်းမှု ရာခိုင်နှုန်းနှင့် ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ် (၂) နှစ်တာကာလအတွင်း တန်ဖိုးအားဖြင့်တင်သွင်းမှုရာခိုင်နှုန်းများမှာ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

### EU တွင် ကော်ဖီတင်သွင်းသော ထိပ်တန်း (၁၀) နိုင်ငံ (၂၀၂၃)

**Fig 9. Top Ten EU Importers with the Biggest Growth in value Between 2018 and 2022**

| NO | Importers | Select your indicators | |
|---|---|---|---|
| | | Annual growth in value between 2019-2023 (%) | Annual growth in value between 2022-2023 (%) |
| | Europe Aggregation | | |
| 1 | Germany | 12 | 0 |
| 2 | France | -4 | -9 |
| 3 | Russian Federation | -2 | 2 |
| 4 | Netherlands | -3 | -7 |
| 5 | United Kingdom | 7 | 11 |
| 6 | Italy | -1 | 6 |
| 7 | Belgium | 6 | 20 |
| 8 | Poland | 2 | -18 |
| 9 | Ireland | -3 | 19 |
| 10 | Sweden | 0 | 20 |
| | World | 2 | -4 |


source: ITC Trade Map

၁၇။ လက်ဖက်စို အများဆုံးတင်သွင်းသော EU ထိပ်တန်းနိုင်ငံများ၏ ၂၀၂၃ ခုနှစ်အတွက်တင်သွင်းမှုပမာဏနှင့်တန်ဖိုး၊ တစ်တန်ဈေးနှုန်းနှင့် ဈေးကွက်ဝေစု အခြေအနေများကို အောက်ပါဇယားဖြင့်ဖော်ပြအပ်ပါသည်-

**Fig.10 Top Ten EU Importers in 2023**

| No | Importers | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2023 (USD thousand) | Quantity imported in 2023 | Unit value (USD/unit) | Share in world imports (%) |
| | Europe Aggregation | 626834 | | | 36.8 |
| 1 | Germany | 63247 | 9586 | 6598 | 3.7 |
| 2 | France | 58914 | 5056 | 11652 | 3.5 |
| 3 | Russian Federation | 58733 | 7731 | 7597 | 3.4 |
| 4 | Netherlands | 56757 | 5125 | 11075 | 3.3 |
| 5 | United Kingdom | 53384 | 7738 | 6899 | 3.1 |
| 6 | Italy | 44705 | 2622 | 17050 | 2.6 |
| 7 | Belgium | 42833 | 6538 | 6551 | 2.5 |
| 8 | Poland | 34795 | 3533 | 9849 | 2 |
| 9 | Ireland | 26547 | 3549 | 7480 | 1.6 |
| 10 | Sweden | 25270 | 2195 | 11513 | 1.5 |

source: ITC Trade Map




# EU နိုင်ငံများတွင် လက်ဖက်စိုတင်ပို့သော ထိပ်တန်း (၁၀) နိုင်ငံ (၂၀၂၃)

**Fig.11. Top Ten EU Exporters in 2023**

| No | Exporters | Select your indicators | | | |
|---|---|---|---|---|---|
| | | Value exported in 2023 (USD thousand) | Quantity exported in 2023 | Unit value (USD/unit) | Share in world exports (%) |
| | Europe Aggregation | 540287 | | | 29.2 |
| 1 | Poland | 171203 | 13838 | 12372 | 9.2 |
| 2 | United Kingdom | 91845 | 10211 | 8995 | 5 |
| 3 | Germany | 82357 | 6194 | 13296 | 4.4 |
| 4 | Netherlands | 45435 | 7439 | 6108 | 2.5 |
| 5 | Russian Federation | 37100 | 5672 | 6541 | 2 |
| 6 | Belgium | 30600 | 5770 | 5303 | 1.7 |
| 7 | France | 29661 | 1248 | 23767 | 1.6 |
| 8 | Austria | 7652 | 831 | 9208 | 0.4 |
| 9 | Sweden | 6674 | 426 | 15667 | 0.4 |
| 10 | Ireland | 6570 | 627 | 10478 | 0.4 |
| | World | 1853001 | | | 100 |

Source: ITC Trade Map




၁၈။ ၂၀၂၃ ခုနှစ်တွင် လက်ဖက်စိုအများဆုံး တင်ပို့ခဲ့သော EU ထိပ်တန်းနိုင်ငံများမှာ ပိုလန်၊ ယူနိုက်တက်ကင်းဒမ်း၊ ဂျာမနီ၊ နယ်သာလန်၊ ရုရှားဖက်ဒရေးရှင်း၊ ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ ဩစတြီးယား၊ ဆွီဒင်၊ အိုင်ယာလန် နိုင်ငံတို့ ဖြစ်ကြသည်။ ပိုလန်က ကန်ဒေါ်လာ ၁၇၁ ဒသမ ၂၀၃

သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၉ ဒသမ ၂ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေသည် ကိုတွေ့ရသည်။ ယူနိုက်တက်ကင်းဒမ်းက ဈေးကွက်ဝေစု ၁၇၁ ဒသမ ၂၀၃ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၅ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ ဂျာမနီက ဈေးကွက်ဝေစု ၈၂ ဒသမ ၃၅၇ သန်း ဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၄ ဒသမ ၄ ရာခိုင်နှုန်းဖြင့် တတိယရရှိထားသည်။ ထို့နောက် နယ်သာလန်၊ ရုရှား ဖက်ဒရေးရှင်း၊ ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ ဩစတြီးယား၊ ဆွီဒင်၊ အိုင်ယာလန်နိုင်ငံတို့က အစဉ်လိုက် ရှိကြသည်။ ဈေးနှုန်းအနေဖြင့် ပြင်သစ်က ပထမ၊ ဆွီဒင်က ဒုတိယ၊ ဂျာမနီက တတိယ၊ ပိုလန်က စတုတ္ထနှင့် အိုင်ယာလန်က ပဥ္စမတို့ဖြစ်ကြသည်။

သွင်းကုန်ခွန်လေ့လာချက်

Tariff Rate of Green tea in immediate packings

| Partenr | Tariff regime | Applied tariff (as reported) |
|---|---|---|
| Netherland | MFN duties (Applied) | 0 |
| India | MFN duties (Applied) | 1 |
| U A E | MFN duties (Applied) | 0 |
| U S A | MFN duties (Applied) | 0.064 |
| | Preferential tariff for GSP countries | 0 |
| Russian Federation | MFN duties (Applied) | 0 |
| Philippine | MFN duties (Applied) | 0.03 |
| | Preferential tariff for AANZFTA countries | 0 |
| | Preferential tariff for ASEAN countries | 0 |
| Kazakhstan | MFN duties (Applied) | 0 |
| Uzberkistan | General tariff (Non-MFN) | 0 |
| Thailand | MFN duties (Applied) | 0.9 |
| | Preferential tariff for ASEAN countries | 0 |
| Taipei chinese | MFN duties (Applied) | 0.17 |
| Morocoo | MFN duties (Applied) | 0.025 |
| Pakistan | MFN duties (Applied) | 0,11 |
| Germany | MFN duties (Applied) | 0 |
| France | MFN duties (Applied) | 0 |
| United Kingdom | MFN duties (Applied) | 0 |
| China | MFN duties (Applied) | 0.15 |
| | Preferential tariff for 2 Least Developed Countries | 0 |
| | Preferential tariff for ASEAN countries | 0 |
| Malaysia | MFN duties (Applied) | 0 |

Source: Market Access Map

၁၉။ အခွန်စည်းကြပ်မှုများကို လေ့လာရာတွင် နယ်သာလန်၊ ယူအေအီး၊ ရုရှား၊ ကာဇက်စတန်၊ ဥဇဘက်ကစ္စတန်၊ ဂျာမနီ၊ ပြင်သစ်၊ အင်္ဂလန်၊ မလေးရှားတို့က MFN duties သုည ရာခိုင်နှုန်း၊ အိန္ဒိယက MFN duties တစ်ရာခိုင်နှုန်း၊ အမေရိကန်က MFN duties သုညဒသမ ၀၆၄ ရာခိုင်နှုန်း၊ GSP Countries သုညရာခိုင်နှုန်း၊ ဖိလစ်ပိုင်က MFN duties သုညဒသမ ၀၃ ရာခိုင်နှုန်း၊ AANZFTA Countries၊ ASEAN Countries သုညရာခိုင်နှုန်း၊ ထိုင်းက MFN duties သုညဒသမ ၉ ရာခိုင်နှုန်း၊ ASEAN Countries သုညရာခိုင်နှုန်း၊ တိုင်ပေ(တရုတ်)က MFN duties သုညဒသမ ၁၇ ရာခိုင်နှုန်း၊ မော်ရိုကိုက MFN duties သုညဒသမ ၀၂၅ ရာခိုင်နှုန်း၊ ပါကစ္စတန်က MFN duties သုညဒသမ ၁၁ ရာခိုင်နှုန်း တရုတ်က MFN duties သုညဒသမ ၁၅ ရာခိုင်နှုန်း၊ LDC Countries၊ ASEAN Countries သုညရာခိုင်နှုန်း သတ်မှတ်ထားကြောင်း လေ့လာတွေ့ရှိရပါသည်။

## အလားအလာရှိသော ဈေးကွက်တစ်ခုစီလေ့လာချက်

### ထိုင်းဈေးကွက်

**Fig 12: Top 10 world exporters to Thailand in 2023**

| No | Exporters | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2023 (USD thousand) | Share in Thailand's imports (%) | Quantity imported in 2023 | Unit value (USD/unit) |
| | World | 4960 | 100 | 236 | 21017 |
| 1 | Indonesia | 2171 | 43.8 | 87 | 24954 |
| 2 | Singapore | 777 | 15.7 | 8 | 97125 |
| 3 | Poland | 690 | 13.9 | 34 | 20294 |
| 4 | China | 495 | 10 | 20 | 24750 |
| 5 | Taipei, Chinese | 203 | 4.1 | 36 | 5639 |
| 6 | Sri Lanka | 140 | 2.8 | 10 | 14000 |
| 7 | France | 77 | 1.6 | 1 | 77000 |
| 8 | Malaysia | 75 | 1.5 | 13 | 5769 |
| 9 | Germany | 68 | 1.4 | 2 | 34000 |
| 10 | United Kingdom | 66 | 1.3 | 6 | 11000 |

Source: ITC Trade Map

## ယူနိုက်တက်ကင်းဒမ်းဈေးကွက်

**Fig 13: Top 10 world exporters to United Kingdom in 2023**

| No | Exporters | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2023 (USD thousand) | Share in United Kingdom's imports (%) | Quantity imported in 2023 | Unit value (USD/unit) |
| | World | 53384 | 100 | 7738 | 6899 |
| 1 | Kenya | 13069 | 24.5 | 3413 | 3829 |
| 2 | Poland | 9419 | 17.6 | 1239 | 7602 |
| 3 | Sri Lanka | 8145 | 15.3 | 673 | 12103 |
| 4 | India | 4792 | 9 | 582 | 8234 |
| 5 | Germany | 4300 | 8.1 | 524 | 8206 |
| 6 | Türkiye | 3800 | 7.1 | 415 | 9157 |
| 7 | Ireland | 2594 | 4.9 | 280 | 9264 |
| 8 | United Arab Emirates | 1838 | 3.4 | 163 | 11276 |
| 9 | Singapore | 1167 | 2.2 | 26 | 44885 |
| 10 | Taipei, Chinese | 707 | 1.3 | 57 | 12404 |

source: ITC Trade Map

## ဂျာမနီဈေးကွက်

**Fig 14: Top 10 world exporters to Germany in 2023**

| No | Exporters | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2023 (USD thousand) | Share in Germany's imports (%) | Quantity imported in 2023 | Unit value (USD/unit) |
| | World | 63247 | 100 | 9586 | 6598 |
| 1 | Sri Lanka | 27571 | 43.6 | 4969 | 5549 |
| 2 | Türkiye | 9145 | 14.5 | 2254 | 4057 |
| 3 | Poland | 6556 | 10.4 | 529 | 12393 |
| 4 | United Kingdom | 4560 | 7.2 | 503 | 9066 |
| 5 | India | 2682 | 4.2 | 315 | 8514 |
| 6 | Austria | 1677 | 2.7 | 138 | 12152 |
| 7 | United Arab Emirates | 1615 | 2.6 | 148 | 10912 |
| 8 | Morocco | 1385 | 2.2 | 55 | 25182 |
| 9 | China | 1004 | 1.6 | 81 | 12395 |
| 10 | Russian Federation | 902 | 1.4 | 94 | 9596 |

source: ITC Trade Map

## ချက်သမ္မတနိုင်ငံ ဈေးကွက်

### Fig 15: Top 10 world exporters to Czech Republic in 2023

| No | Exporters | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2023 (USD thousand) | Share in Czech Republic's imports (%) | Quantity imported in 2023 | Unit value (USD/unit) |
| | World | 15959 | 100 | 1362 | 11717 |
| 1 | Poland | 4438 | 27.8 | 570 | 7786 |
| 2 | Netherlands | 2318 | 14.5 | 122 | 19000 |
| 3 | United Arab Emirates | 2160 | 13.5 | 167 | 12934 |
| 4 | Germany | 1896 | 11.9 | 147 | 12898 |
| 5 | Slovakia | 1560 | 9.8 | 83 | 18795 |
| 6 | Sri Lanka | 1353 | 8.5 | 58 | 23328 |
| 7 | United Kingdom | 709 | 4.4 | 55 | 12891 |
| 8 | China | 277 | 1.7 | 10 | 27700 |
| 9 | India | 269 | 1.7 | 56 | 4804 |
| 10 | Taipei, Chinese | 265 | 1.7 | 56 | 4732 |

source: ITC Trade Map

## အမေရိကန်ပြည်ထောင်စုဈေးကွက်

### Fig 16: Top 10 world exporters to United States of America in 2023

| No | Exporters | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2023 (USD thousand) | Share in United States of America's imports (%) | Quantity imported in 2023 | Unit value (USD/unit) |
| | World | 158032 | 100 | 17058 | 9264 |
| 1 | India | 29694 | 18.8 | 4403 | 6744 |
| 2 | Sri Lanka | 26449 | 16.7 | 3122 | 8472 |
| 3 | Poland | 18119 | 11.5 | 1224 | 14803 |
| 4 | United Kingdom | 17024 | 10.8 | 1108 | 15365 |
| 5 | Canada | 12592 | 8 | 569 | 22130 |
| 6 | United Arab Emirates | 11582 | 7.3 | 1119 | 10350 |
| 7 | Taipei, Chinese | 7699 | 4.9 | 1343 | 5733 |
| 8 | China | 6480 | 4.1 | 937 | 6916 |
| 9 | Pakistan | 4962 | 3.1 | 791 | 6273 |
| 10 | Germany | 4051 | 2.6 | 190 | 21321 |

source: ITC Trade Map

## ဆော်ဒီအာရေဗျ ဈေးကွက်

**Fig 17: Top 10 world exporters to Saudi Arabia in 2023**

| No | Exporters | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2023 (USD thousand) | Share in Saudi Arabia's imports (%) | Quantity imported in 2023 | Unit value (USD/unit) |
| | Total | 70846 | 100 | 9412 | 7527 |
| 1 | Sri Lanka | 39912 | 56.3 | 5132 | 7777 |
| 2 | India | 12496 | 17.6 | 2668 | 4684 |
| 3 | Egypt | 6289 | 8.9 | 470 | 13381 |
| 4 | Jordan | 5608 | 7.9 | 419 | 13384 |
| 5 | Poland | 2999 | 4.2 | 85 | 35282 |
| 6 | Pakistan | 894 | 1.3 | 160 | 5588 |
| 7 | Kenya | 599 | 0.8 | 316 | 1896 |
| 8 | Indonesia | 424 | 0.6 | 36 | 11778 |
| 9 | United States of America | 330 | 0.5 | 40 | 8250 |
| 10 | Azerbaijan | 245 | 0.3 | 23 | 10652 |

source: ITC Trade Map

## ပြင်သစ်၊ ဈေးကွက်

**Fig 18: Top 10 world exporters to France in 2023**

| No | Exporters | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2023 (USD thousand) | Share in France's imports (%) | Quantity imported in 2023 | Unit value (USD/unit) |
| | World | 58914 | 100 | 5056 | 11652 |
| 1 | China | 11421 | 19.4 | 958 | 11922 |
| 2 | Germany | 10245 | 17.4 | 890 | 11511 |
| 3 | Poland | 9081 | 15.4 | 847 | 10721 |
| 4 | United Kingdom | 7398 | 12.6 | 740 | 9997 |
| 5 | Sri Lanka | 5199 | 8.8 | 566 | 9186 |
| 6 | Switzerland | 3211 | 5.5 | 41 | 78317 |
| 7 | India | 2612 | 4.4 | 199 | 13126 |
| 8 | Italy | 1859 | 3.2 | 132 | 14083 |
| 9 | Area Nes | 1826 | 3.1 | 156 | 11705 |
| 10 | Spain | 882 | 1.5 | 64 | 13781 |

source: ITC Trade Map

## ရုရှားဖက်ဒရေးရှင်းဈေးကွက်

### Fig 19: Top 10 world exporters to Russian Federation in 2023

| No | Exporters | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2023 (USD thousand) | Share in Russian Federation's imports (%) | Quantity imported in 2023 | Unit value (USD/unit) |
| | Total | 58733 | 100 | 7731 | 7597 |
| 1 | Sri Lanka | 35399 | 60.3 | 4214 | 8400 |
| 2 | Kazakhstan | 15472 | 26.3 | 2499 | 6191 |
| 3 | India | 2173 | 3.7 | 347 | 6262 |
| 4 | China | 2156 | 3.7 | 203 | 10621 |
| 5 | Poland | 780 | 1.3 | 26 | 30000 |
| 6 | Lithuania | 641 | 1.1 | 20 | 32050 |
| 7 | Tanzania, United Republic of | 416 | 0.7 | 222 | 1874 |
| 8 | Finland | 374 | 0.6 | 30 | 12467 |
| 9 | Germany | 360 | 0.6 | 45 | 8000 |
| 10 | Türkiye | 328 | 0.6 | 73 | 4493 |

source: ITC Trade Map

## တရုတ်(ဟောင်ကောင်) ဈေးကွက်

### Fig 20: Top 10 world exporters to Hong Kong, China in 2023

| No | Exporters | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2023 (USD thousand) | Share in Hong Kong, China's imports (%) | Quantity imported in 2023 | Unit value (USD/unit) |
| | World | 56796 | 100 | 5057 | 11231 |
| 1 | China | 34395 | 60.6 | 1266 | 27168 |
| 2 | Sri Lanka | 11237 | 19.8 | 1932 | 5816 |
| 3 | Taipei, Chinese | 2398 | 4.2 | 119 | 20151 |
| 4 | Japan | 1974 | 3.5 | 922 | 2141 |
| 5 | Singapore | 1497 | 2.6 | 65 | 23031 |
| 6 | United Arab Emirates | 1102 | 1.9 | 89 | 12382 |
| 7 | United Kingdom | 1054 | 1.9 | 68 | 15500 |
| 8 | Kenya | 767 | 1.4 | 291 | 2636 |
| 9 | Macao, China | 734 | 1.3 | 119 | 6168 |
| 10 | Malaysia | 264 | 0.5 | 24 | 11000 |

source: ITC Trade Map

## တရုတ် (တိုင်ပေ) ဈေးကွက်

**Fig 21: Top 10 world exporters to Taipei, Chinese in 2023**

| No | Exporters | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2023 (USD thousand) | Share in Taipei, Chinese's imports (%) | Quantity imported in 2023 | Unit value (USD/unit) |
| | World | 6566 | 100 | 615 | 10676 |
| 1 | Sri Lanka | 3121 | 47.5 | 338 | 9234 |
| 2 | Poland | 1021 | 15.5 | 56 | 18232 |
| 3 | Indonesia | 669 | 10.2 | 96 | 6969 |
| 4 | India | 566 | 8.6 | 13 | 43538 |
| 5 | Kenya | 288 | 4.4 | 18 | 16000 |
| 6 | United Kingdom | 251 | 3.8 | 20 | 12550 |
| 7 | Thailand | 186 | 2.8 | 56 | 3321 |
| 8 | China | 95 | 1.4 | 3 | 31667 |
| 9 | Germany | 90 | 1.4 | 3 | 30000 |
| 10 | Taipei, Chinese | 83 | 1.3 | 4 | 20750 |

source: ITC Trade Map

## စင်္ကာပူဈေးကွက်

**Fig 22: Top 10 world exporters to Singapore in 2023**

| No | Exporters | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2023 (USD thousand) | Share in Singapore's imports (%) | Quantity imported in 2023 | Unit value (USD/unit) |
| | World | 19678 | 100 | 1520 | 12946 |
| 1 | Morocco | 4283 | 21.8 | 151 | 28364 |
| 2 | Sri Lanka | 2308 | 11.7 | 132 | 17485 |
| 3 | India | 2112 | 10.7 | 323 | 6539 |
| 4 | China | 2094 | 10.6 | 124 | 16887 |
| 5 | Malaysia | 1765 | 9 | 276 | 6395 |
| 6 | Taipei, Chinese | 1258 | 6.4 | 93 | 13527 |
| 7 | Poland | 1160 | 5.9 | 30 | 38667 |
| 8 | Germany | 867 | 4.4 | 68 | 12750 |
| 9 | United Arab Emirates | 862 | 4.4 | 87 | 9908 |
| 10 | Indonesia | 815 | 4.1 | 67 | 12164 |

source: ITC Trade Map

## ပိုလန်ဈေးကွက်

### Fig 23: Top 10 world exporters to Poland in 2023

| No | Exporters | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2023 (USD thousand) | Share in Poland's imports (%) | Quantity imported in 2023 | Unit value (USD/unit) |
| | World | 34795 | 100 | 3533 | 9849 |
| 1 | Sri Lanka | 19946 | 57.3 | 1971 | 10120 |
| 2 | United Arab Emirates | 4885 | 14 | 429 | 11387 |
| 3 | Germany | 3047 | 8.8 | 209 | 14579 |
| 4 | India | 2687 | 7.7 | 483 | 5563 |
| 5 | Netherlands | 1610 | 4.6 | 170 | 9471 |
| 6 | Kenya | 486 | 1.4 | 68 | 7147 |
| 7 | France | 370 | 1.1 | 15 | 24667 |
| 8 | Latvia | 316 | 0.9 | 33 | 9576 |
| 9 | Italy | 261 | 0.8 | 35 | 7457 |
| 10 | China | 259 | 0.7 | 16 | 16188 |

source: ITC Trade Map

## ဆွီဒင် ဈေးကွက်

### Fig 24: Top 10 world exporters to Sweden in 2023

| No | Exporters | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2023 (USD thousand) | Share in Sweden's imports (%) | Quantity imported in 2023 | Unit value (USD/unit) |
| | World | 25270 | 100 | 2195 | 11513 |
| 1 | Poland | 14900 | 59 | 1246 | 11958 |
| 2 | Sri Lanka | 2950 | 11.7 | 279 | 10573 |
| 3 | Germany | 1963 | 7.8 | 137 | 14328 |
| 4 | Denmark | 1847 | 7.3 | 140 | 13193 |
| 5 | India | 1393 | 5.5 | 143 | 9741 |
| 6 | United Arab Emirates | 1200 | 4.7 | 131 | 9160 |
| 7 | Netherlands | 292 | 1.2 | 31 | 9419 |
| 8 | United Kingdom | 217 | 0.9 | 30 | 7233 |
| 9 | Kenya | 131 | 0.5 | 21 | 6238 |
| 10 | Czech Republic | 108 | 0.4 | 3 | 36000 |

source: ITC Trade Map

## ဩစတြေးလျ ဈေးကွက်

### Fig 25: Top 10 world exporters to Austria in 2023

| No | Exporters | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2023 (USD thousand) | Share in Australia's imports (%) | Quantity imported in 2023 | Unit value (USD/unit) |
| | World | 82353 | 100 | 8827 | 9330 |
| 1 | United Arab Emirates | 20064 | 24.4 | 1864 | 10764 |
| 2 | Sri Lanka | 14702 | 17.9 | 1545 | 9516 |
| 3 | Poland | 12601 | 15.3 | 1461 | 8625 |
| 4 | India | 11783 | 14.3 | 2018 | 5839 |
| 5 | Indonesia | 9797 | 11.9 | 910 | 10766 |
| 6 | Morocco | 3864 | 4.7 | 149 | 25933 |
| 7 | United Kingdom | 2397 | 2.9 | 135 | 17756 |
| 8 | China | 2163 | 2.6 | 208 | 10399 |
| 9 | Germany | 1209 | 1.5 | 108 | 11194 |
| 10 | Taipei, Chinese | 899 | 1.1 | 68 | 13221 |

source: ITC Trade Map

## အိုင်ယာလန်ဈေးကွက်

### Fig 26: Top 10 world exporters to Ireland in 2023

| No | Exporters | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2023 (USD thousand) | Share in Ireland's imports (%) | Quantity imported in 2023 | Unit value (USD/unit) |
| | World | 26547 | 100 | 3549 | 7480 |
| 1 | United Kingdom | 22546 | 84.9 | 2738 | 8234 |
| 2 | Kenya | 1683 | 6.3 | 279 | 6032 |
| 3 | Netherlands | 811 | 3.1 | 312 | 2599 |
| 4 | Poland | 394 | 1.5 | 46 | 8565 |
| 5 | Sri Lanka | 257 | 1 | 15 | 17133 |
| 6 | India | 209 | 0.8 | 13 | 16077 |
| 7 | Germany | 113 | 0.4 | 81 | 1395 |
| 8 | Belgium | 111 | 0.4 | 29 | 3828 |
| 9 | China | 85 | 0.3 | 5 | 17000 |
| 10 | Morocco | 67 | 0.3 | 2 | 33500 |

source: ITC Trade Map

## ဘယ်လ်ဂျီယံဈေးကွက်

**Fig 27: Top 10 world exporters to Belgium in 2023**

| No | Exporters | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2023 (USD thousand) | Share in Belgium's imports (%) | Quantity imported in 2023 | Unit value (USD/unit) |
| | World | 42833 | 100 | 6538 | 6551 |
| 1 | Sri Lanka | 17565 | 41 | 3423 | 5131 |
| 2 | Türkiye | 9099 | 21.2 | 2185 | 4164 |
| 3 | Netherlands | 6444 | 15 | 361 | 17850 |
| 4 | France | 5042 | 11.8 | 204 | 24716 |
| 5 | Germany | 1496 | 3.5 | 114 | 13123 |
| 6 | Poland | 1489 | 3.5 | 131 | 11366 |
| 7 | United Kingdom | 689 | 1.6 | 33 | 20879 |
| 8 | United Arab Emirates | 201 | 0.5 | 24 | 8375 |
| 9 | Luxembourg | 153 | 0.4 | 7 | 21857 |
| 10 | Taipei, Chinese | 105 | 0.2 | 8 | 13125 |

source: ITC Trade Map

## ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင်လက်ဖက် စိုက်ပျိုးဧက၊ ရိတ်ဧက၊ အထွက်နှုန်း

**Fig 28: လက်ဖက် စိုက်ပျိုးဧက၊ ရိတ်ဧက၊ အထွက်နှုန်း**

| ခုနှစ် | စိုက်ဧရိယာ (ဧက) | ရိတ်ဧရိယာ (ဧက) | အထွက်နှုန်း (ပိဿာ) | အထွက် (ပိဿာ) |
|---|---|---|---|---|
| ၂၀၂၂-၂၀၂၃ | ၂၄၂၁၂၁ | ၂၂၇၉၉၅ | ၂၉၆.၀၃ | ၆၇၄၉၄၃၂၀ |
| ၂၀၂၁-၂၀၂၂ | ၂၄၀၅၇၅ | ၂၂၅၁၇၄ | ၂၇၄.၁၁ | ၆၁၇၂၁၃၃၂ |
| နှိုင်းယှဉ်ချက် | (+) ၁၅၄၆ | (+) ၂၈၂၁ | (+) ၂၁.၉၂ | (+) ၅၇၇၂၉၈၈ |

source: စိုက်ပျိုးရေး

### စိုက်ဧရိယာ

၂၀။ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း လက်ဖက်စိုက်ဧရိယာမှာ (၂၄၂၁၂၁) ဧက ဖြစ်၍ ယခင်နှစ်စိုက်ဧရိယာ(၂၄၀၅၇၅)ဧကနှင့်နှိုင်းယှဉ်သော်(၁၅၄၆)ဧကတိုးပါသည်။ကချင်ပြည်နယ်၊ကရင်ပြည်နယ်၊စစ်ကိုင်းတိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ဈေးကွက်ပိုမိုတိုးတက်

ကောင်းမွန်လာသဖြင့် လုပ်မြေ၊ မြေရိုင်းနှင့် တောရိုင်းများ တိုးချဲ့ဖော်ထုတ် စိုက်ပျိုးခဲ့ခြင်းနှင့် သီးညှပ်စိုက်ပျိုးခြင်းများ ပိုမိုခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

**ရိတ်သိမ်းဧရိယာ**

၂၁။ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း လက်ဖက်ရိတ်သိမ်းဧရိယာမှာ (၂၂၇၉၉၅) ဧကဖြစ်၍ ယခင်နှစ် ရိတ်သိမ်းဧရိယာ (၂၂၅၁၇၄)ဧကနှင့် နှိုင်းယှဉ်သော်(၂၈၂၁)ဧကတိုးခဲ့ပါသည်။ စိုက်ဧရိယာတိုးချဲ့ စိုက်ပျိုးနိုင်ခဲ့ခြင်းနှင့် ခူးဆွတ်နိုင်သော သက်တမ်းပြည့်စိုက်ခင်းများအား ပိုမိုဆွတ်ခူးလာနိုင်ခြင်း ကြောင့် ရိတ်သိမ်းဧရိယာတိုးခဲ့ခြင်းဖြစ်ပါသည်။

**တစ်ဧကအထွက်နှုန်း**

၂၂။ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း လက်ဖက်(ရွက်စိမ်း)တစ်ဧကအထွက်နှုန်းမှာ (၂၉၆.၀၃) ပိဿာ နှုန်းဖြစ်၍ ယခင်နှစ်တစ်ဧကအထွက်နှုန်း(၂၇၄.၁၁)ပိဿာနှုန်းနှင့် နှိုင်းယှဉ်သော်(၂၁.၉၂)ပိဿာ ပိုမိုခဲ့ပါသည်။ စီးပွားရေးအရတွက်ချေကိုက်သဖြင့် သွင်းအားစုများစနစ်တကျထည့်သွင်းခြင်း၊ ခူးဆွတ် နိုင်သော သက်တမ်းပြည့်အပင်များသည် အထွက်နှုန်းကောင်းမွန်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

**အထွက်နှုန်း**

၂၃။ ၂၀၂၂-၂၀၂၃ခုနှစ်အတွင်း လက်ဖက်(ရွက်စိမ်း) အထွက်နှုန်းမှာ (၆၇၄၉၄၃၂၀) ပိဿာ ဖြစ်၍ ယခင်နှစ်အထွက်နှုန်း (၆၁၇၂၁၃၃၂) ပိဿာနှင့်နှိုင်းယှဉ်သော် (၅၇၇၂၉၈၈) ပိဿာ ပိုမိုခဲ့ပါ သည်။ စိုက်ဧရိယာ၊ ရိတ်သိမ်းဧရိယာနှင့် တစ်ဧကအထွက်နှုန်းများ တိုးခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

## မြန်မာနိုင်ငံအတွက် ဈေးကွက်များလေ့လာခြင်း

၂၄။ ကမ္ဘာပေါ်တွင် လက်ဖက်အများဆုံးတင်သွင်းသော ထိပ်တန်းနိုင်ငံများကို လေ့လာရာတွင် အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာ့လက်ဖက်အများဆုံးဝယ်ယူသောနိုင်ငံဖြစ်ပြီး တစ်ကမ္ဘာလုံး၏ ဈေးကွက်ဝေစု ၉ ဒသမ ၃ ရာခိုင်နှုန်း (Fig-1) ရရှိထားသည်။ ထို့ပြင် ကမ္ဘာပေါ်တွင်ကော်ဖီ အများဆုံး တင်ပို့သော ထိပ်တန်းနိုင်ငံများစာရင်း (Fig-8) တွင်ပါဝင်လျက်ရှိသောကြောင့် ဈေးကွက်ဗျူဟာများ၊ နည်းပညာများနှင့် Trade technology များအား လေ့လာသင့်ပါသည်။

၂၅။ ကမ္ဘာပေါ်တွင် ဒုတိယအများဆုံးလက်ဖက်တင်သွင်းသောနိုင်ငံမှာ ဩစတြေးလျနိုင်ငံဖြစ်ပြီး ဈေးကွက်ဝေစု ၄ ဒသမ ၈ ရာခိုင်နှုန်း (Fig-1) ရရှိထားသည်။ ၂၀၂၃ ခုနှစ်၏ EU ထိပ်တန်းနိုင်ငံများ (Fig-11) တွင်လည်း လက်ဖက်စို အများဆုံးတင်ပို့ခဲ့သောနိုင်ငံ အဖြစ်ပါဝင်ခဲ့သည်။ ပြည်ပမှတင်သွင်းပြီး Re-Export ဆောင်ရွက်နေသည်ဟု သုံးသပ်ရပါသည်။

၂၆။ ကမ္ဘာပေါ်တွင် တတိယအများဆုံးလက်ဖက်တင်သွင်းသောနိုင်ငံမှာ အီရတ်နိုင်ငံဖြစ်ပြီးဈေးကွက်ဝေစု ၄ ဒသမ ၄ ရာခိုင်နှုန်း (Fig-1) ရရှိထားသည်။ ၂၀၂၃ ခုနှစ်၏ အာရှဝယ်လိုအားကောင်းသောထိပ်တန်းနိုင်ငံများတွင် အဆင့်(၁)နေရာတွင် ရရှိခဲ့သည်။ ကမ္ဘာ့ဝယ်လိုအား(Fig-1)နှင့် အာရှဝယ်လိုအား (Fig-6) ထိပ်တန်းနိုင်ငံများ၏ နှစ်မျိုးလုံးစာရင်းတွင် ပါဝင်သောကြောင့် ဈေးကွက်ထိုးဖောက်သင့်ပါသည်။

၂၇။ စတုတ္ထနေရာတွင်ရှိသော ကမ္ဘာ့လက်ဖက်အများဆုံးတင်သွင်းခဲ့သည့် ဆော်ဒီအာရေဗျနိုင်ငံသည် ဈေးကွက်ဝေစု ၄ ဒသမ ၂ ရာခိုင်နှုန်း (Fig-1) ရရှိထားပြီး ၂၀၂၃ ခုနှစ် အာရှဝယ်လိုအားထိပ်တန်းနိုင်ငံများ (Fig-6) တွင် အဆင့်(၂)နေရာတွင် ပါဝင်သောကြောင့် ဈေးကွက်ထိုးဖောက်သင့်ပါသည်။

၂၈။ တစ်ဖန် မြန်မာ့လက်ဖက်အများဆုံး တင်သွင်းသောနိုင်ငံစာရင်းဝင်ဖြစ်သည့် ယူနိုက်တက်ကင်းဒမ်း (Fig-3) သည် ကမ္ဘာတွင်လက်ဖက် အများဆုံးတင်ပို့သည့်နိုင်ငံများစာရင်း (Fig-8) တွင် ပါဝင်ခြင်းနှင့် EU ဝယ်လိုအား ထိပ်တန်းနိုင်ငံများစာရင်း (Fig-10) တွင် ပါဝင်ခြင်းတို့ကြောင့် မြန်မာဈေးကွက်အား ဆက်လက်ထိန်းသိမ်းကာ ထပ်မံချဲ့ထွင်ခြင်း၊ Trade technology များလေ့လာခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။ ဂျာမနီနိုင်ငံသည်လည်း မြန်မာ့လက်ဖက်အများဆုံးဝယ်ယူသည့်နိုင်ငံ (Fig-3) တွင်ပါဝင်ပြီး၊ ကမ္ဘာ့ဝယ်လိုအား(Fig-1)နှင့် ရောင်းလိုအား(Fig-10) အများဆုံးနိုင်ငံများစာရင်းတွင်လည်း ပါဝင်ခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် အဆိုပါနိုင်ငံများ၏မူရင်းဈေးကွက်အား မပျောက်ပျက်စေရုံမျှမက ထပ်မံတိုးချဲ့ထိုးဖောက်ခြင်း၊ ဈေးကွက်ဗျူဟာများ၊ နည်းပညာများလေ့လာခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။

၂၉။ မြန်မာနိုင်ငံသို့လက်ဖက်အများဆုံးတင်ပို့ခဲ့သည့် တရုတ် နိုင်ငံ(Fig-2)သည် ကမ္ဘာ (Fig-8) တွင်လည်းကောင်း၊ အာရှ (Fig-7) တွင်လည်းကောင်း လက်ဖက်အများဆုံးတင်ပို့သောနိုင်ငံများ စာရင်းတွင် ပါဝင်ခဲ့သည်။ ထို့ပြင် အာရှဝယ်လိုအားကောင်းသောနိုင်ငံများစာရင်း (Fig-6) တွင်ပါဝင် ကြောင်း ITC Trade Map Data အရ တွေ့ရှိရပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် တရုတ် ဈေးကွက်ကို ဆက်လက်ထိန်းသိမ်း၍ အဆိုပါနိုင်ငံများ၏ ဈေးကွက်ဗျူဟာများ၊ နည်းပညာနှင့် Trade technology များ လေ့လာကာ ဈေးကွက်မြှင့်တင်သင့်ပါသည်။

## ခြုံငုံသုံးသပ်ချက်

၃၀။ လက်ဖက်သည် စိမ်းစိုအေးချမ်း၍ မြင့်မားသောတောင်တန်းဒေသများတွင်သာ ပေါက် ရောက်ကြပြီး အပူပိုင်းနှင့် အပူလျော့ပိုင်းဒေသများမှာ စိုက်ပျိုးကြသည်။ အများအားဖြင့် အမြင့်ပေ (၂၀၀၀)မှ (၆၀၀၀)ကျော်အထိမြင့်သော ကုန်းမြင့်နေရာများတွင် စိုက်ပျိုးနိုင်ကြောင်း သိရသည်။ အရည်အသွေးကောင်းသော လက်ဖက်ထွက်ရှိရန်အတွက် အသင့်လျော်ဆုံး အပူချိန်မှာ (၁၀)°C မှ (၃၀)°C ၊ တစ်နှစ်မိုးရေချိန် (၁၂၅၀) မီလီမီတာနှင့် (၀.၅) မှ(၁၀) ဒီဂရီရှိသော တောင်စောင်းများ တွင်စိုက်ပျိုးရကြောင်း သိရှိရသည်။ ပင်လယ်ပြင်မှ အမြင့်ပေ ၁၅၀၀ ကျော်ဒေသများမှ အပူချိန် (၁၈)°C မှ (၂၅)°C နှင့် စိုထိုင်းဆ ၇၅% မှ ၈၅% ရှိပြီး၊ မိုးရေချိန် (၂၀၀၀) မီလီမီတာ၊ (၈၀) လက်မ အောက်ရွာသွန်းသောဒေသများနှင့် PH ၄.၅ မှ ၅.၅ ရှိကာ ရေစိမ့်ဝင်မှုကောင်းမွန်သော မြေတွင် စိုက်ပျိုးပါက အရည်အသွေးကောင်းသောလက်ဖက်ကို ရနိုင်ကြောင်းသိရသည်။ လေပြင်းတိုက်ခတ်မှု၊ ဆီးနှင်းကျမှုနှင့် မိုးရွာသွန်းမှုများလွန်းခြင်းသည် လက်ဖက်အရည်အသွေးကိုကျဆင်းစေနိုင်ကြောင်း သိရသည်။ ထို့ကြောင့် မြန်မာ့လက်ဖက်လုပ်ငန်း တိုးတက်အောင်မြင်လာစေရန် စိုက်ပျိုးသည့်ဒေသ၊ ရာသီဥတုနှင့်ကိုက်ညီနိုင်မည့် လက်ဖက်မျိုးကောင်းမျိုးသန့်များအား ရွေးချယ်ကာသီးသန့်စိုက်ခင်း သစ်များ တည်ထောင်စိုက်ပျိုးရန် လိုအပ်ပါသည်။

၃၁။ လက်ဖက်မျိုးစေ့မှ မျိုးပွားစိုက်ပျိုးနေမှုအစား ရွေးချယ်ထားသည့်မျိုးကောင်းအပင်များမှ အကိုင်းများကိုရယူကာ ကိုင်းဖြတ်မျိုးပွားစိုက်ပျိုးသည့်စနစ်ကို ပြောင်းလဲကျင့်သုံးသင့်ပါသည်။ လက်ရှိစိုက်ခင်းဟောင်းများမှ အပင်အို၊ အပင်ကြီးများကို အပင်ပျိုများဖြစ်လာစေရန်နှင့်

လက်ဖက်ရွက် အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်ထွက်ရှိလာစေရန် လိုအပ်သည့် ကိုင်းဖြတ်ပုံသွင်းခြင်း၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများကို စနစ်တကျကျွေးမွေးပြုစုပေးခြင်း၊ လက်ဖက်ခူးဆွတ်ရာတွင် လုပ်အားလျှော့ချနိုင်မည့် စည်းရိုးဖြတ်ကပ်ကြေးဖြင့် အညွန့်ဖြတ်ခြင်း၊ အသေးစားစက်ကိရိယာများ အသုံးပြုခြင်း၊ လက်ဖက်ထုတ်လုပ်မှုနည်းစဉ်များအား ပိုမိုတိုးတက်ကောင်းမွန်လာစေမည့်နည်းများဖြင့် အစားထိုးခြင်းစသည့်လုပ်ငန်းများကို ပြောင်းလဲကျင့်သုံးဆောင်ရွက်သွားသင့်ပါသည်။

၃၂။ လက်ရှိ လက်ဖက်စိုက်ခင်းများမှာ ဓာတ်မြေသြဇာနှင့် ပိုး၊ မှိုသတ်ဆေးများ အသုံးမပြုဘဲ အော်ဂင်းနစ် လက်ဖက်စိုက်ပျိုးထုတ်လုပ်ရောင်းချခြင်းဖြင့် လက်ဖက်စိုက်တောင်သူများ ဝင်ငွေပိုမိုရရှိစေနိုင်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ပြည်တွင်းဈေးကွက်သာမက၊ ပြည်ပဈေးကွက်များထိ အော်ဂင်းနစ်လက်ဖက်ခြောက်၊ လက်ဖက်စိုများအဖြစ် ပိုမိုတင်ပို့ရောင်းချနိုင်စေရန် အထူးကြိုးပမ်း ဆောင်ရွက်သင့်ပါသည်။

၃၃။ ပြည်တွင်းတွင်လည်း လက်ဖက်စားသုံးသည့်အလေ့အထ တိုးတက်နေသဖြင့် ပြည်တွင်း၊ ပြည်ပဈေးကွက်အတွက်လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုကိုတိုးချဲ့ရမည်ဖြစ်ပါသည်။ လက်ရှိပြည်တွင်း၌အဖန်ခြောက်၊ အချိုခြောက်နှင့် လက်ဖက်စိုများကို တံဆိပ်အမျိုးမျိုးဖြင့် ကုမ္ပဏီများမှ ထုတ်လုပ်ရောင်းချလျက်ရှိပြီး အချို့တံဆိပ်များမှာ ပြည်တွင်းမှာသာမက ပြည်ပနိုင်ငံများထိပါ ဈေးကွက်ရရှိနိုင်သော်လည်း အရည်အသွေး၊ စံနှုန်းများသတ်မှတ်ရောင်းချရန် လိုအပ်လျက်ရှိပါသည်။ ထို့ကြောင့် မြန်မာ့လက်ဖက်အား တိုးတက်ထုတ်လုပ်နိုင်မည့်နည်းလမ်းနှင့် ပြည်ပသို့တင်ပို့ရာတွင်လည်း အရည်အသွေးကောင်းမွန်သော လက်ဖက်များတင်ပို့နိုင်မည့်နည်းလမ်းများ ရှာဖွေဖော်ထုတ်ဆောင်ရွက်သွားသင့်ပါသည်။

၃၄။ မြန်မာနိုင်ငံအနေဖြင့် လက်ဖက်သီးနှံ စိုက်ပျိုးလုပ်ကိုင်ဆောင်ရွက်နေသည့် တောင်သူအစုအဖွဲ့များ၏ လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို အားပေးကူညီဖြည့်ဆည်းပေးနိုင်ရေး တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခြင်းများဆောင်ရွက်ပေးလျက်ရှိပါသည်။ အဆိုပါဆွေးနွေးပွဲများကျင်းပခြင်းအားဖြင့် လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ရေးသာမက ခေတ်မီနည်းပညာများအသုံးပြုပြီး

အရည်အသွေးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ရေး၊ ဈေးကွက်ရရှိရေး၊ ရေရှည်တည်တံ့သော စီးပွားရေးထုတ်ကုန်ဖြစ်စေရေးစသည့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ လိုအပ်ချက်များအား ကူညီဖြေရှင်းပေးမှုများ ရရှိစေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် လုပ်ငန်းအဖွဲ့များဖွဲ့စည်းဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာဒေသများရှိ အသေးစား၊ အလတ်စားများ အစုအဖွဲ့များကိုဦးစားပေးကာ တိုးချဲ့ခြင်း၊ ဈေးကွက်ရရှိရေးအတွက် ပြုပြင်ထုတ်လုပ်သူများနှင့် ချိတ်ဆက်လုပ်ဆောင်ခြင်း၊ ရောင်းဝယ်မှုအပိုင်းတွင် အရည်အသွေးထိန်းသိမ်းရန် လိုအပ်သည့်ဓာတ်ခွဲခန်းများ အသုံးပြုခြင်းနှင့် အကဲဖြတ်နိုင်သည့် လူသားအရင်းအမြစ်များ လေ့ကျင့်မွေးထုတ်ပေးခြင်းစသည့် လုပ်ငန်းကဏ္ဍတစ်ခုလုံးဖွံ့ဖြိုးစေရန် ပုဂ္ဂလိကနှင့် အစိုးရပူးပေါင်းပြီး ဆောင်ရွက်သွားသင့်ပါသည်။

၃၅။ တရုတ်နိုင်ငံ၊ ရှန်ကျန်းမြို့တွင်ကျင်းပသော ကမ္ဘာလုံးဆိုင်ရာ လက်ဖက်ရည်ပွဲတော်တွင် ၂၀၁၉ ခုနှစ်၌ Kokang old tea အမျိုးအစားထုတ်ကုန်ဖြင့် GOLD AWARD ဆုကိုလည်းကောင်း၊ ၂၀၂၀ ခုနှစ်တွင် Jade leaf အမျိုးအစားထုတ်ကုန်ဖြင့် GOLD AWARD ဆုအပြင် GOLD leaf အမျိုးအစားထုတ်ကုန်ဖြင့် GOLD AWARD ဆုကိုလည်းကောင်း၊ ၂၀၂၃ ခုနှစ်၌ Jade leaf အမျိုးအစားထုတ်ကုန်ဖြင့် Special Gold Award ဆုကိုလည်းကောင်း အသီးသီးရရှိခဲ့ပါသည်။ ၂၀၂၄ ခုနှစ် တရုတ်နိုင်ငံ၊ နန်နင်းမြို့တွင် ကျင်းပသော(၂၁)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင်လည်း 2022 Jade leaf အမျိုးအစားထုတ်ကုန်ဖြင့် Silver Award ဆုကိုရရှိခဲ့ပါသည်။

၃၆။ အချုပ်အားဖြင့် မြန်မာ့လက်ဖက်လုပ်ငန်း တိုးတက်ထုတ်လုပ်နိုင်စေရန် နိုင်ငံတော်အစိုးရအဖွဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ လက်ဖက်အတွက် လိုအပ်သည့်ငွေကြေးအရင်းအနှီးအား ကူညီဆောင်ရွက်ပေးခြင်း၊ လက်ဖက်စိုက်တောင်သူများအား စိုက်ပျိုးရေးဦးစီးဌာနမှပညာရှင်များနှင့် ပြည်ပပညာရှင်များ စသည့်အဖွဲ့အစည်းများမှ ဒေသနှင့် သင့်တော်ကိုက်ညီသည့် လက်ဖက်မျိုးကောင်းမျိုးသန့်များအား စိုက်ပျိုးစေခြင်း၊ မိရိုးဖလာစိုက်ပျိုးလျက်ရှိသည့်စနစ်များမှ ခေတ်မီစိုက်ပျိုးနည်းစနစ်များအား အစားထိုးစေခြင်း၊ ခူးဆွတ်မှုမှစ၍ ထုတ်လုပ်မှုနည်းစဉ်များအထိ စနစ်တကျရှိစေခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ လက်ဖက်စိုက်ပျိုးသူများအနေဖြင့်လည်း မြန်မာ့လက်ဖက်၏ အနံ့၊ အရသာ၊ အရောင်အသွေး တို့ကို

အလေးထား၍ ကမ္ဘာ့စားသောက်ကုန် ထုတ်လုပ်မှုနည်းစဉ်များ နှင့်အညီထုတ်လုပ်ကာ အရည်အသွေးမြင့်ကုန်ပစ္စည်းများအဖြစ် ပြည်ပသို့ ရောင်းချနိုင်မည်ဆိုပါက ကမ္ဘာ့ဈေးကွက်တွင် ပိုမိုရပ်တည်နိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။